# ဗမာပြည်မှ သူခိုးကြီးများသို့

ဘုရားဌာပနာ ဖောက်ထွင်းခိုးယူတာက အစ၊ ဘုန်းတော်ကြီးအလာင်းပါ ချမ်းသာမပေးတဲ့ ကျွန်ုပ်တို့နိုင်ငံက သူခိုးကြီး တောက်ဖျား၊ သမိန်ပေါ့သွပ်များတော့ နိုင်ငံတကာမှ လူလူချင်းစာနာပြီး ပေးကမ်းလျက်ရှိတဲ့ အကူအညီတွေ၊ အလှူဒါနတွေ ခိုးယူရောင်းစားနေတာ မဆန်းပါဘူး။ အဲဒီလိုအခွင့်အရေးမျိုး၊ အဲဒီလိုအရသာမျိုးကို လက်မလွှတ်စေချင်လို့ဘဲ ဒီဘဝကို မစွန့်လွှတ်နိုင်၊ မစွန့်ခွါရက် ဖြစ်နေတယ်မဟုတ်ပါလား။

သူခိုးခေါင်းဆောင် သမိန်ပေါ့ရွှေကတော့ မင်းသမီး ပေါ်ရဏကြိုင် ရဲ့ ရွှေမျက်နှာ စပ်ဖြဲဖြဲလုပ်နိုင်မည့်အရေးကို တွေးကာမျှော်ကာ တစ်ရက်တစ်ရက် အချိန်ကုန် စိတ်မောလို့ လုပန်းရတာ မလွယ်ပါဘူးတဲ့။ အခုလိုအချိန်အခါမျိုးကျတော့ စိန်နားကပ် ဝယ်ပေးနိုင်တဲ့ အခွင့်အရေးက မမျှော်လင့်ဘဲ ရောက်ရှိနေတော့ မုတ်ဆိတ်ဖျားမှာ ပျားရည်စွတ်လာသလို မုန်တိုင်းကြီးနာဂစ်ကို ကြိတ်ပြီးကျေးဇူးတင်နေတယ်ပေါ့လေ။

သူခိုးများခင်ဗျား၊ သင်းတို့ခိုးတဲ့အကျင့်၊ လုပ်ရိုးလုပ်စဉ်တွေကိုတော့ ထူးဆန်းတယ်လို့ မြင်စရာမရှိပေမယ့်၊ နိုင်ငံတကာမှာ အလုပ်လုပ်နေကြတဲ့ ဗမာပြည်သားတွေက နိုင်ငံခြားသားတွေရဲ့ လှောင်ပြောင်ပြောဆိုနေသံတွေ နေ့တိုင်းလိုလို ကြားသိနေရတော့ ရှက်လို့မျက်နှာတောင်မဖော်ရဲဘူးဗျာ။ ဗမာတွေဆိုရင် လူယုံမှတ်ပြီး အတွင်းလုပ်ငန်းတွေကို မအပ်လိုက်နဲ့တဲ့ – ကဲ့၊ ကောင်းပြီးလားဗျာ။

ပြင်သစ်ကလဲ "ကျနော်တို့ ဒုက္ခရောက်နေတဲ့ လူတွေကို ကိုယ့်လက်နဲ့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းမှာပါ၊ သမိန်ပေါ့ရွှေတို့က ပစ္စည်းလက်ခံရင်တောင်၊ ကျနော်တို့က သူတို့ကို မယုံတဲ့အတွက် သူတို့လက်ထဲ မပေးပါဘူးတဲ့"။ အစိုးရအဖွဲ့အစည်းတွေတောင် ဒီလိုပြောနေမှတော့ ခင်ဗျားတို့က ခိုးတော့ခိုးမှာဘဲ – ဒါပေမယ့် သူခိုးနေရာမှာနေပြီး ခိုးပါလားဗျာ။ ခိုးတဲ့လုပ်ငန်းကို တရားဥပဒေလုပ်ပြီး ပြည်သူ့ဆန္ဒအတင်းရယူ အတည်ပြုနေတဲ့ ခင်ဗျားတို့ရဲ့ လုပ်ရပ်တွေ အတင်းအဓမ္မ ရဲလိုက်လား။ ကမ္ဘာပေါ်မှာ ဒီလို ပေါ်ပေါ်တင်တင် ခိုးရက်တဲ့ သူခိုးဆိုလို့ ခင်းဗျားတို့ဘဲရှိတယ်။ ဗမာပြည်ဆိုရင် သူခိုးနိုင်ငံ၊ ဗမာပြည်သားဆိုရင် သူခိုးနိုင်ငံသား ဆိုတဲ့အထိ ပြောခံနေရအောင် လုပ်နေနိုင်တဲ့ ခင်ဗျားတို့ရဲ့ ခိုးမှုရာဇဝင်ကိုတော့ အံ့ပါရဲ့၊ အံ့ပါရဲ့။

ညောင်ပင်လေးဈေးမှာ ခင်ဗျားတို့ရဲ့ခိုးရာပါပစ္စည်းတွေ တရားဝင် အရောင်းအဝယ်ဖြစ်နေမှတော့ လူတွေက မတရားပြောနေတယ်လို့ ဆင်ခြေပေးရအောင် ခင်ဗျားတို့မှာ အဲဒီပါးစပ်လဲမရှိတော့ဘူး။ ခိုင်လုံတဲ့ သက်သေအထောက်အထားနဲ့ သူခိုးမိတော့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တောင် အေးအေးဆေးဆေး မနေရတော့ဘူး။ ခင်းဗျားတို့တတွေ အရှက်မရှိတော့ မတတ်နိုင်ဘူး၊ သို့သော် အရှက်တရားကို အသက်နဲ့လဲပြီး ကာကွယ်တတ်တဲ့ တို့ဗမာပြည်သူတွေဟာ နိုင်ငံတော်မှာ ခင်ဗျားတို့လို အဆင့်အတန်းမဲ့သူတွေ ထပြီးလူကြီးလုပ်နေတာတော့ ရှက်တယ်ဗျ။

ကမ္ဘာသူ/သားတွေက ခင်ဗျားတို့အုပ်စုရဲ့ ပါရမီတွေကြောင့် အဆင်သင့် ဂုဏ်ပြုထားတဲ့ ဘွဲ့ထူးတချို့ကို ဖော်ပြရမယ်ဆိုရင် –

– ဗမာ့ဖက်ဆစ်၊ နာဇီ အစိုးရ၊

– ကမ္ဘာ့အလိမ်ညာဆုံး အစိုးရ၊

– မြန်မာပြည် လူသတ်အာဏာရှင် စစ်အုပ်စု၊

– ကိုယ့်အပြော ကိုယ်မလေးစားတဲ့ အောက်တန်းစားမျိုးရိုး၊

– ကမ္ဘာ့အဆိုးဆုံးနှင့် အညစ်ပတ်ဆုံး အုပ်ချုပ်ရေးအဖွဲ့၊

– တဏှာရှင် မုဒိန်းကျင့်အုပ်စု၊

– ပြစ်မှုမျိုးစုံ ကျူးလွန်ပျော် ဒုစရိုက်အဖွဲ့၊

– အရှက်အကြောက်ကင်းကင်း လုယက်မှုပြုသည့် ဒမြတိုက်အုပ်စု၊

– သာသနာပျက် အမျိုးယုတ်အုပ်စု၊

– ကိုယ့်ကိုကိုယ် စိတ်ရူးဝင်နေတဲ့ မိစ္ဆာဒိဋ္ဌိအုပ်စု၊

စတာတွေ၊ စတာတွေ ရေးမကုန်နိုင်တော့ဘူးဗျာ။ အခုလဲ နိုင်ငံတကာက လှူဒါန်းနေတဲ့ သေခါနီးဆဲဆဲ မသာလောင်းတွေရဲ့ အလှူတွေကို ခိုးရောင်းစားနေတဲ့ ခင်ဗျားတို့တတွေ တစိတ်လွန်လာပြီထင်တယ်။ အဲဒီသူခိုးတွေရဲ့ ဂိုဏ်းချုပ်ကြီး သမိန်ပေါ့ရွှေ ကို ဟစ်တလားတို့၊ မူဆူလီနီ တို့ အဘခေါ်လောက်ပြီပေါ့နော်။ သူတို့က လူဘဲသတ်တာ၊ ပေါ့ရွှေတော့ လူသတ်တာတင်မကဘူး၊ လုလဲလုတယ်၊ ခိုးလဲခိုးတယ်၊ ပြီးယင် လိမ်ညာတဲ့နေရာမှာ ကမ္ဘာ့ပြိုင်ဘက်ကင်းဘဲ။ အဆိုးဆုံးကတော့ ပြစ်မျိုးပေါင်းစုံကို စီးရီအလိုက် ကျူးလွန်နေတဲ့ ကြားထဲမှာ ရှင်ဘုရင် ဖြစ်ချင်တာတို့၊ ဘုရားနေရာဝင်ထိုင်ချင်တာတို့ ပါနေတဲ့ဟာပါဘဲ။

သူ့တပည့် တောက်အေးတော့ ငေးမှငေးအစစ်။ သူ့ဆရာ သမိန်ပေါ့ရွှေ က ဟို–အောက်ကနေပြီးတော့ အထက်ကစောမောင်ကို ပြုတ်တာတို့၊ ခင်ညွန့်ကို ကန်ထုတ်တာတို့ အဲဒီပညာကို သင်လဲ မသင်ယူတတ်ဘူး။ သူကရုပ်ရည်သနားကမားနဲ့ လူကနဲ့နဲ့ချောတော့ မထင်မှတ်ဘဲ မိန်းမကရသွားတယ်။ မိန်းမက ဗိုက်ထဲမှာ ကလေးလိုချင်တယ်ဆိုရင် ဒီငေးကြီး အူယားပါးယား ဖြစ်နေသလားတော့ မသိပါဘူး။ ဒီလိုမှမဟုတ်ရင် နိုင်ငံတော်တစ်ခုလုံး ဒီလောက်ဖြစ်နေမှတော့ ဒီလူကြီးက နေနိုင်လိုက်တာနော်။

လူတွေက အသက်ကိုလုနေရတဲ့ အချိန်မှာဗျာ – ဒီလူတွေမို့လို့ လက်တစ်ဖက် မဲပုံးလေးတွေကိုင် ကလိမ်ကကျစ်လုပ်ပြီး ထောက်ခံမဲရ အောင်လုပ်နေတယ်၊ နောက်လက်တစ်ဖက်က တစ်ခိုးတည်းခိုးနေတယ်။ အဲပေါ့လေ – အခုတလော ဗမာပြည်မှာ သူခိုးတွေ၊ လူဆိုးလူမိုက်တွေ ကောင်းစားနေတယ်ပေါ့နော်။ ပြည်သူ့ဘဏ္ဍာလဲခိုး၊ သယံဇာတတွေလဲခိုး၊ အာဏာလဲခိုး၊ နည်းပညာလဲခိုး၊ မဲပြားလဲခိုး၊ ဌာပနာလဲခိုး၊ ဘုန်းကြီးအလောင်းလဲခိုး၊ အခုနိုင်ငံခြား အလှူငွေလဲခိုး၊ ခိုးပြီးရင်ခိုး၊ နောက်ထပ်ခိုး၊ သို့သော် ဘုရား၊ သံဃာကို ရိုးမခိုးတာကလွဲလို့ အခိုးပါသမျှ အကုန်ခိုးတဲ့ လူတွေဆိုတော့ တော်တော်ခိုးနိုင်တဲ့ ဗမာပြည်က သူခိုးတွေပါလားလို့ ရေရွတ်လိုက်မိတယ်။

နောက်ဆုံးပြောချင်တာလေးတော့ နိုင်ငံတော်သူရသတ္တိတွေ တစ်ထမ်းကြီးကို ရင်ဘတ်ချိတ်ပြီးတော့ သူခိုးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းလုပ်နေတဲ့ ခင်ဗျားတို့ရဲ့သတ္တိကို ဘန်ကီမွန်း နောက်ဆုံးသတိလာပေးတော့မှဘဲ တစ်တိုင်းပြည်လုံး၊ တစ်ကမ္ဘာလုံး သိသွားပြီတဲ့။ ခင်ဗျားတို့ရဲ့ ခိုးမှုဆိုင်ရာ နိယာမတရားတော့ နိုင်ငံတော်ကို စစ်မြေပြင်ဖြစ်တဲ့အထိ ပို့ပေးနိုင်တဲ့ ရောမ သူခိုးတွေပါလားနော်။

ခင်ဗျားတို့ရဲ့ မမှန်မကန် လုပ်ရပ်တွေကြောင့် နိုင်ငံပြင်ပရောက်ပြီး နိုင်ငံတော်ကို သူခိုးဒမြ၊ လူဆိုးလူမိုက်၊ လူသတ်သမားများရဲ့ လက်အောက်ကနေ ကယ်တင်လိုတဲ့ လူကြီးလူကောင်းတွေ၊ ပညာတတ်တွေ သိန်းနဲ့ချီပြီး ရှိနေမှတော့၊ အခုချိန်ကစပြီး ခင်ဗျားတို့ ဗမာပြည်က သူခိုးကြီးတွေ တောက်ဖျား၊ သမိန်ပေါ့သွပ် ဂိုဏ်းကြီးရဲ့ ခြေလှမ်းတိုင်းဟာ အန္တရာယ်စက်ကွင်းထဲ ရောက်နေတယ်ဆိုတာ သတိလက်လွှတ်မဖြစ်စေနဲ့ ခင်ဗျား။

စိတ်ထားမှန်မြတ်စွာဖြင့်၊

ကိုကိုလင်း (ရန်ကုန်တက္ကသိုလ်)